## နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံအုပ်ချုပ်သူများမှ လေ့လာသုံးသပ်ချက်အား အသိပေးခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် (နှစ်ဝက်ကာလ) အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို ထုတ်ပြန်ကြေညာချက် ဖြစ်ပါသည်။ ငွေကြေး ဖော်ပြချက်များမှာ မြန်မာ ကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

### ဝင်ငွေအလုံးစုံရှင်းတမ်းပေါင်းချုပ်

| | ဘဏ္ဍာရေး နှစ်ဝက်ကာလအတွက် | |
|---|---|---|
| | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် (ကျပ် သန်းပေါင်း) | ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် (ကျပ် သန်းပေါင်း) |
| ဝင်ငွေ | ၅၉၆၀.၃၈ | ၁၆၅၅.၂၀ |
| မူရင်းတန်ဖိုး | (၃၀၄၆.၉၆) | - |
| အကြမ်းအမြတ် | ၂၉၁၄.၄၂ | ၁၆၅၅.၂၀ |
| အသုံးစရိတ် | (၉၇၅.၇၆) | (၂၄၈.၂၇) |
| တွဲဖက်လုပ်ငန်း၏ အမြတ်ငွေ | ၉၃၅၀.၄၀ | ၆၇၂၂.၇၆ |
| အခွန်မလျာမီ အသားတင်အမြတ် | ၁၁,၂၈၉.၀၆ | ၈၁၂၉.၆၉ |
| (နှုတ်) ဝင်ငွေခွန် | (၂၂၂.၈၀) | (၃၅၇.၉၇) |
| အခွန်လျာပြီး အသားတင်အမြတ် | ၁၁,၀၆၆.၂၆ | ၇,၇၇၁.၇၂ |

| | | |
|---|---|---|
| ရှယ်ယာတစ်စု၏ ဝင်ငွေ (ကျပ်) | **၂၈၄.၂၇** | **၁၉၉.၆၄** |

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ အခွန်လျာထားပြီး အသားတင်အမြတ်သည် ယခင်နှစ်များ ထက်ကျော်လွန်ကာ ကျပ် (၁၁.၀၇) ဘီလီယံ၊ (၄၂) ရာခိုင်နှုန်း တိုးတက်လာပါသည်။ ကုမ္ပဏီ အုပ်စု၏ အကြမ်းအမြတ်မှာ (၄၈.၈) ရာခိုင်နှုန်းရှိပြီး၊ စုစုပေါင်းကုန်ကျစရိတ်များလည်း မြင့်တက်လာပါသည်။ ယင်းသို့မြင့်တက်လာရခြင်းမှာ လိုအပ်သော ဝန်ထမ်းများ ခန့်ထားခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါ စရိတ်များ နှုတ်ပြီး အသားတင်အမြတ်မှာ (၃၂.၅) ရာခိုင်နှုန်း ဖြစ်ပါသည်။

**သီလဝါ ပရောပါတီး ဒတ်ပလော့မင့်၏ ဆောင်ရွက်ချက်များ (TPD)**

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်ကို သီလဝါအထူးစီးပွားရေးဇုန်၊ ဇုန် (အေ) တွင်တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် ငှါးရမ်းခြင်း လုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့်ကို သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ (TSMC) နှင့် ဖက်စပ်ဖွဲ့စည်းထားပြီး TSMC ၏ အစုရှယ်ယာမှာ (၂၀) ရာခိုင်နှုန်း ပါဝင်ပါသည်။

TPD ကုမ္ပဏီအနေဖြင့် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်း ကန်ထရိုက်ရရှိခြင်းသည် ယခုနှစ်ဝက်ကာလအတွက် ဝင်ငွေရလဒ်ကောင်း ရရှိစေပါသည်။ အလုပ်သမားများ နေထိုင်ရန်အတွက် လုပ်သားအိမ်ယာ (၃) လုံးကိုတည် ဆောက်ပြီး သက်ဆိုင်ရာမှ နေထိုင်ခွင့် ပါမစ်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ (၄) ထပ်ဈေးဆိုင် အဆောက်အဦး (၁၂) လုံးကို ဆောက်လုပ်လျက် ရှိရာ ၂၀၁၇ ခုနှစ်၊ ဒုတိယလေးလပတ်တွင် ပြီးစီးမည်ဖြစ်သည်။

လတ်တလောကာလတွင် ဟိုတယ်အဆောက်အဦး ဆောက်လုပ်ရန်၊ လူနေအိမ်ခန်းများနှင့် ရုံးအဆောက်အဦးများ တည်ဆောက်ရန်နှင့် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရန်အတွက် မြေငှားရမ်းရန်စီစဉ် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ယခုဘဏ္ဍာရေးနှစ် ပထမ (၆) လအတွင်း သီလဝါ ပရောပါတီး ဒတ်ပလော့မင့်သည် လုပ်ငန်းလည်ပတ်ခြင်းမှ အမြတ်ငွေကျပ် (၁.၂) ဘီလီယံရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

**မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက် (MJTD) ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်၏ ရှယ်ယာခွဲဝေ ပိုင်ဆိုင်မှု ရာခိုင်နှုန်းများမှာ

| | |
|---|---|
| မြန်မာသီလဝါ အက် (စ်) အီးဇက်ဟိုး (လ်) ဒင်း (စ်) ပတ်ဘလစ် လီမိတက် (MTSH) | ၄၁ % |
| သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ (TSMC) | ၁၀ % |
| ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) | ၁၀ % |
| အမ်အမ်အက် (စ်) သီလဝါ ဒီဗလော့မန့် ကုမ္ပဏီ လီမိတက် (MMSTD) | ၃၉ % |

မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်ကို အစပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်ရှိ ဇုန် (အေ) ဖွံ့ဖြိုးရေးအတွက် တည်ဆောက်လုပ်ကိုင်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်းနှင့် ရောင်းချခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ရန် တည်ထောင်ခဲ့ပါသည်။ ဇုန် (အေ) သည် ဟတ်တာ (၄၀၀) ရှိပြီး၊ နိုင်ငံ (၁၇) နိုင်ငံမှ ကုမ္ပဏီ (၇၉) ခုအား ရင်းနှီးမြှုပ်နှံနိုင်ရန် ဆွဲဆောင်နိုင်ခဲ့ပါသည်။ ဇုန် (အေ) တွင် လတ်တလောကာလ၌ အလုပ်အကိုင် အခွင့်အလမ်း (၃,၀၀၀) မှ (၅,၀၀၀) အထိ ဖန်တီးပေးနိုင်လျက်ရှိပြီး၊ ဇုန် (အေ) ပြီးမြောက်ပါက အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၄၀,၀၀၀) အထိ ဖန်တီး ပေးနိုင်မည်ဟု မျှော်မှန်းထားပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် ဇုန်(ဘီ) ရှိ ဟတ်တာ (၁၀၀) အား လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ရန် မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်တွင် ပါဝင်သည့် ရှယ်ယာရှင်များမှ သဘောတူ လက်မှတ်ရေး ထိုးခဲ့ကြပါသည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ အမြတ်ငွေမှာ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက (၃၉) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ငွေပမာဏအားဖြင့် ကျပ် (၆.၇၂) ဘီလီယံမှ (၉.၃၅) ဘီလီယံအထိ တိုးတက်ရရှိခဲ့ပါသည်။

ဝင်ငွေအလုံးစုံ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်

| | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် (ကျပ် သန်းပေါင်း) | ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် (ကျပ် သန်းပေါင်း) |
|---|---|---|
| **ရပိုင်ခွင့်များ** | | |
| လက်ငင်းရပိုင်ခွင့်များ | ၆၇,၆၃၀.၈၂ | ၅၅,၃၅၁.၂၆ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၂၅,၉၀၅.၂၀ | ၂၆,၃၁၃.၈၉ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၉၃,၅၃၆.၀၃** | **၈၁,၆၆၅.၁၅** |
| | | |
| **ပေးရန်တာဝန်များ** | | |
| လက်ငင်းပေးရန်တာဝန်များ | ၃,၄၇၂.၄၁ | ၂,၆၂၆.၇၁ |
| လက်ငင်းပေးရန်မဟုတ်သော တာဝန်များ | ၅,၄၃၂.၉၆ | ၅,၄၇၄.၀၄ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၈,၉၀၅.၃၇** | **၈,၁၀၀.၇၅** |
| | | |
| **အသားတင်ရပိုင်ခွင့်များ** | **၈၄,၆၃၀.၆၆** | **၇၃,၅၆၄.၄၀** |
| | | |
| **ရင်းနှီးငွေ** | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၃၈,၉၂၉.၁၅ | ၃၈,၉၂၉.၁၅ |
| အမြတ်လက်ကျန် | ၃၉,၅၁၈.၄၁ | ၂၈,၆၆၁.၆၄ |
| ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများ | ၆,၁၈၃.၁၀ | ၅,၉၇၃.၆၁ |
| **စုစုပေါင်းရင်းနှီးငွေ** | **၈၄,၆၃၀.၆၆** | **၇၃,၅၆၄.၄၀** |
| | | |

လက်ငင်းရပိုင်ခွင့်များ တိုးလာရခြင်းမှာ သီလဝါ ပရောပါတီး ဒီဗလော့မန့် (TPD) ၏ ဆောင်ရွက်ဆဲ လုပ်ငန်းများ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။